Form (2)
Sr.No. 1218-G
Date 5th 9.2015

THE REPUBLIC OF THE UNION OF MYANMAR

The Myanmar Investment Commission

PERMIT

Permit No. 1004/2015 Date: 5th ,September 2015

This Permit is issued by the Myanmar Investment Commission according to the section 13, sub-section (b) of the Republic of the Union of Myanmar Foreign Investment Law-

(a) Name of Investor/Promoter MR. CHEN, KUN-SHUI
(b) Citizenship TAIWANESE
(c) Address NO.9-1, XIANXING, NEIGHBORHOOD 16, ZHENGYI VILLAGE, JINHU TOWN, JINMEN COUNTRY, TAIWAN
(d) Name and Address of Principal Organization VOICE GLOBAL CORP., ROOM 51, 5TH FLOOR, BRITANNIA HOUSE, JALAN CATOR, BANDAR SERI BEGAWAN BS 8811, NEGARA BRUNEI DARUSSALAM
(e) Place of incorporation BRUNEI DARUSSALAM
(f) Type of Investment Business MANUFACTURING OF HB PENCILS AND COLOR PENCILS ON CONTRACT MANUFACTURING PROCESS(CMP)BASIS
(g) Place(s) at which Investment is permitted PLOT NO. 12, SPECIAL ZONE(2), OAKTHAR (9) BLOCK , BAGO TOWNSHIP, BAGO REGION
(h) Amount of Foreign Capital US$ 9.00 MILLION
(i) Period for Foreign Capital brought in WITHIN FOUR YEARS FROM THE DATE OF ISSUANCE OF MIC PERMIT
(j) Total amount of capital (Kyat) EQUIVALENT IN KYAT OF US$ 9.00 MILLION
(k) Construction period 2 YEARS
(l) Validity of investment Permit 20 YEARS
(m) Form of investment WHOLLY FOREIGN OWNED INVESTMENT
(n) Name of Company incorporated in Myanmar YANGON FIRST STATIONERY MANUFACTURING COMPANY LIMITED

Chairman
The Myanmar Investment Commission

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် ၁၀၀၄/ ၂၀၁၅ ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၅ ရက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ ပုဒ်မ ၁၃၊ ပုဒ်မခွဲ(ခ) အရ ဤခွင့်ပြုမိန့်ကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်က ထုတ်ပေးလိုက်သည် -

(က) ရင်းနှီးမြှုပ်နှံသူ/ ကမကထပြုသူအမည် MR. CHEN, KUN-SHUI

(ခ) နိုင်ငံသား TAIWANESE

(ဂ) နေရပ်လိပ်စာ NO.9-1, XIANXING, NEIGHBORHOOD 16, ZHENGYI VILLAGE, JINHU TOWN, JINMEN COUNTRY, TAIWAN

(ဃ) ပင်မအဖွဲ့အစည်းအမည်နှင့်လိပ်စာ VOICE GLOBAL CORP., ROOM 51, 5TH FLOOR, BRITANNIA HOUSE, JALAN CATOR, BANDAR SERI BEGAWAN BS 8811, NEGARA BRUNEI DARUSSALAM

(င) ဖွဲ့စည်းရာအရပ် NEGARA BRUNEI DARUSSALAM

(စ) ရင်းနှီးမြှုပ်နှံသည့်လုပ်ငန်းအမျိုးအစား CONTRACT MANUFACTURING PROCESS (CMP)စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံသည့်အရပ်ဒေသ(များ) အကွက်-၁၂၊ အထူးဇုံ(၂)၊ ဥဿာ(၉) ရပ်ကွက်၊ ပဲခူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး

(ဇ) နိုင်ငံခြားမတည်ငွေရင်း ပမာဏ အမေရိကန်ဒေါ်လာ ၉.၀၀ သန်း

(ဈ) နိုင်ငံခြားမတည်ငွေရင်းယူဆောင်လာရမည့်ကာလ ကော်မရှင်ခွင့်ပြုမိန့်ရရှိပြီး ၄ နှစ် အတွင်း

(ည) စုစုပေါင်း မတည်ငွေရင်းပမာဏ(ကျပ်) အမေရိကန်ဒေါ်လာ ၉.၀၀ သန်း နှင့် ညီမျှသော မြန်မာကျပ်ငွေ

(ဋ) တည်ဆောက်မှုကာလ ၂ နှစ်

(ဌ) ရင်းနှီးမြှုပ်နှံမှုခွင့်ပြုသည့် သက်တမ်း ၂၀ နှစ်

(ဍ) ရင်းနှီးမြှုပ်နှံမှုပုံစံ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု

(ဎ) မြန်မာနိုင်ငံတွင် ဖွဲ့စည်းမည့် ကုမ္ပဏီအမည် YANGON FIRST STATIONERY MANUFACTURING COMPANY LIMITED

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

THE REPUBLIC OF THE UNION OF MYANMAR
MYANMAR INVESTMENT COMMISSION

No.(1), THITSAR STREET, YANKIN TOWNSHIP, YANGON

Tel: 95-1-658128
Fax: 95-1-658141

Our ref : DICA-3/FI-1205/ 2015(1218-G)
Date : 5th September 2015

Subject : **Decision of the Myanmar Investment Commission on the Proposal for "Manufacturing of HB Pencils and Color Pencils on Contract Manufacturing Process (CMP) Basis" under the name of Yangon First Stationery Manufacturing Company Limited.**

Reference: Yangon First Stationery Manufacturing Company Limited Letter dated 13-5-2015.

1. The Myanmar Investment Commission,at its meeting (15 /2015) held on (21-8-2015), had approved that the proposal for investment in "Manufacturing of HB Pencils and Color Pencils on Contract Manufacturing Process (CMP) Basis " under the name of " Yangon First Stationery Manufacturing Company Limited " submitted by Voice Global Corp.(99.99%) from Negara Brunei Darussalam and Mr.Chen,Kun-Shui(0.01%) from Taiwan as a wholly foreign owned investment.

2. Hence, the "Permit" is herewith issued in accordance with Chapter VII, section 13(b) of the Foreign Investment Law and Chapter VIII, Rule 49 of the Foreign Investment Rules relating to the Foreign Investment Law. Terms and conditions to the "Permit" are stated in the following paragraphs.

3. The permitted duration of the project shall be 20 (twenty) years commencing from the date of the issuance of Myanmar Investment Commission's permit. The lease term of land shall be 20 (twenty) years and extendable for 5(five) years in 2(two) times commencing from the date of signing of the Land Lease Agreement by mutual agreement between U Kyaw Min Tun (lessor) and Yangon First Stationery Manufacturing Company Limited (lessee) subject to the approval of Myanmar Investment Commission. At the expiry of the lease period, Yangon First Stationery Manufacturing Company Limited shall transfer the leased land and building and immovable properties without any consideration within three(3) months in good condition, ground damages having been refilled or repaired.

4. The annual rent for the land shall be US$ 784,080 (United States Dollar seven hundred and eighty-four thousand and eighty only) of the total land area measuring 5.00 acres (20234.3 square meters). The rate of rent shall be revised in view of prevailing land lease rate after second year period and increase of the rent shall not be more than 8% of the preceding annual rent.

5. In issuing this "Permit," the Commission has granted the following exemptions and reliefs as per Chapter XII, section 27(a),(h),(i)and(k) of the Foreign Investment Law. Other exemptions and reliefs under section 27 shall have to be applied upon the actual performance of the project;

(a) As per section 27(a), income tax exemption for a period of five consecutive years including the year of commencement on commercial operation;

(b) As per section 27(h), exemption or relief from customs duty or other internal taxes or both on machinery, equipment, instruments, machinery components, spare parts and materials used in the business which are imported as they are actually required for use during the period of construction of business;

(c) As per section 27(i), exemption or relief from customs duty or other internal taxes or both on raw materials imported for production for the first three-year after the completion of construction of business;

(d) As per section 27(k), exemption or relief from commercial tax on the goods producOed for export.

6. Yangon First Stationery Manufacturing Company Limited shall have to sign the Land Lease Agreement with U Kyaw Min Tun. After signing the Agreement, (5) copies shall have to be forwarded to the Commission.

7. Yangon First Stationery Manufacturing Company Limited in consultation with the Department of Company Registration, Directorate of Investment and Company Administration shall have to be registered. After registration, (5) copies each of Certificate of Incorporation, Memorandum of Association and Articles of Association shall have to be forwarded to the Commission.

8. Yangon First Stationery Manufacturing Company Limited shall use its best efforts for timely realization of works stated on the proposal. If none of such

works has been commenced within one year from the date of issue of this "Permit", it shall become null and void.

9. Yangon First Stationery Manufacturing Company Limited has to abide by Chapter X, Rule 58 and 59 of the Foreign Investment Rules for construction period.

10. As per Chapter X, Rule 61 of the Foreign Investment Rules, extension of construction period shall not be allowed more than twice except it is due to unavoidable events such as natural disasters, instabilities, riots, strikes, emergency of State condition, insurgency and outbreak of wars.

11. As per Chapter X, Rule 63 of the Foreign Investment Rules, if Yangon First Stationery Manufacturing Company Limited cannot construct completely in time during the construction period or extension period, the Commission will have to withdraw the permit issued to the investor and there is no refund for the expenses of the project.

12. The commercial date of operation shall be reported to the Commission.

13. Yangon First Stationery Manufacturing Company Limited shall endeavour to meet the targets for production and export stated on the proposal as the minimum target.

14. The Commission approves periodical appointments of foreign experts and technicians from abroad as per proposal in accordance with Chapter XI, section 24 and section 25 of the Foreign Investment Law. Yangon First Stationery Manufacturing Company Limited has to follow the existing Labour Laws for the recruitment of staffs, labours and for training according to the Chapter XIII, Rule 84 of the Foreign Investment Rules.

15. In order to evaluate foreign capital and for the purpose of its registration in accordance with the provisions under Chapter XV, section 37 of the Foreign Investment Law, it is compulsory to report as early as possible in the following manner:-

(a) the amount of foreign currency brought into Myanmar, attached with the necessary documents issued by the respective bank where the account is opened and defined under Chapter XVI, Rules 134 and 135 of the Foreign Investment Rules;

(b) the detailed lists of the type and value of foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency.

16. Whenever Yangon First Stationery Manufacturing Company Limited brings in foreign capital defined under Chapter I, section 2(i) of the Foreign Investment Law, other than foreign currency in the manner of paragraph 15(b) mentioned above, the Inspection Certificate endorsed and issued by an internationally recognized Inspection Firm with regard to quantity, quality and price of imported materials shall have to be attached.

17. Yangon First Stationery Manufacturing Company Limited has the right to make account transfer and expend the foreign currency from his bank account in accordance with Chapter XVI, Rule 136 of the Foreign Investment Rules and for account transfer of local currency generated from the business to the local currency account opened at the bank by a citizen-owned business in the Union and right to transfer back the equivalent amount of foreign currency from the foreign currency bank account of citizen or citizen-owned business by submitting the sufficient document in accordance with Chapter XVII, Rule 145 of the Foreign Investment Rules.

18. Yangon First Stationery Manufacturing Company Limited shall report to the Commission for any alteration in the physical and financial plan of the project. Cost overrun, over and above the investment amount pledged in both local and foreign currency shall have to be reported as early as possible.

19. Yangon First Stationery Manufacturing Company Limited shall be responsible for the preservation of the environment at and around the area of the project site. In addition to this, it shall carry out as per instructions made by Ministry of Environmental Conservation and Forestry in which to conduct Environmental Management Plan (EMP) which describe the measure to be taken for preventing, mitigation and monitoring significant environmental impacts resulting from the implementation and operation of proposed project or business or activity. Yangon First Stationery Manufacturing Company Limited has to follow the specifications of EMP submitted to the Myanmar Investment Commission and abide by the environmental policy, Environmental Conservation Law and other environmental related rules and regulations.

20. After getting permit from Myanmar Investment Commission, Yangon First Stationery Manufacturing Company Limited shall have to be registered at the Directorate of Industrial Supervision and Inspection.

21. Yangon First Stationery Manufacturing Company Limited shall have to abide by the Fire Services Department's rules, regulations, directives and instructions. Moreover, fire prevention measures shall have to undertake such as water storage tank, fire extinguishers and provide training to use the fire fighting equipment and appoint fire safety officer.

22. Payment of principal and interest of the loan (if any) as well as payment for import of raw materials and spare parts etc., shall only be made out of export earnings (CMP charges) of Yangon First Stationery Manufacturing Company Limited.

23. Yangon First Stationery Manufacturing Company Limited in consultation with Myanma Insurance shall effect such types of insurance defined under Chapter XII, Rule 79 and 80 of the Foreign Investment Rules.

(Zay Yar Aung)
Chairman

Yangon First Stationery Manufacturing Company Limited

cc:
1. Office of the Government of the Republic of the Union of Myanmar
2. Ministry of Home Affairs
3. Ministry of Foreign Affairs
4. Ministry of Environmental Conservation and Forestry
5. Ministry of Electric Power
6. Ministry of Immigration and Population
7. Ministry of Industry
8. Ministry of Commerce
9. Ministry of Finance
10. Ministry of National Planning and Economic Development
11. Ministry of Labour, Employment and Social Security
12. Central Bank of Myanmar
13. Office of the Bago Region Government
14. Chairman, CMP Enterprises Supervision Committee

15. Director General, Directorate of Investment and Company Administration
16. Director General, Department of Urban and Housing Development
17. Director General, Directorate of Industrial Supervision and Inspection
18. Director General, Customs Department
19. Director General, Internal Revenue Department
20. Managing Director, Myanma Foreign Trade Bank
21. Managing Director, Myanma Investment and Commercial Bank
22. Managing Director, Myanma Insurance
23. Director General, Directorate of Trade
24. Director General, Immigration and National Registration Department
25. Director General, Directorate of Labour
26. Director General, Department of Environmental Conservation
27. Director General, Fire Services Department
28. Chairman, Republic of the Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI)

ကုမ္ပဏီအမည် - Yangon First Stationery Manufacturing Company Limited

လုပ်ငန်း - Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

စဉ်	အကြောင်းအရာ	ဆောင်ရွက်သည့် နေ့စွဲ	ပြန်ကြားချက် ရရှိသည့် နေ့စွဲ	မှတ်ချက်
၁	အဆိုပြုလွှာ လက်ခံရရှိခြင်း	၁၃-၅-၂၀၁၅		
၂	သဘောထားမှတ်ချက် တောင်းခံခြင်း			
	(က) ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး	၂၇-၅-၂၀၁၅		ပထမအကြိမ်
		၁၅-၇-၂၀၁၅	၂၉-၇-၂၀၁၅	ဒုတိယအကြိမ်
	(ခ) ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန	၂၇-၅-၂၀၁၅	၂၅-၆-၂၀၁၅	
	(ဂ) စက်မှုဝန်ကြီးဌာန	၂၇-၅-၂၀၁၅	၉-၆-၂၀၁၅	
	(ဃ) CMP လုပ်ငန်းများ ကြီးကြပ်ရေး ကော်မတီ	၂၇-၅-၂၀၁၅	၁၁-၆-၂၀၁၅	
၃	အဆိုပြုချက်စိစစ်ရေးအဖွဲ့ အစည်းအဝေး (၁၇/၂၀၁၅) သို့ တင်ပြခြင်း	၂၅-၅-၂၀၁၅		
၄	အဆိုပြုလွှာလက်ခံကြောင်းစာ ပေးပို့ခြင်း	၂၅-၅-၂၀၁၅		
၅	PAT အစည်းအဝေးဆုံးဖြတ်ချက် အား ကုမ္ပဏီသို့ အကြောင်းကြားခြင်း	၂၈-၅-၂၀၁၅		
၆	ကုမ္ပဏီမှ လိုအပ်ချက်များဖြည့်စွက်၍ အဆိုပြုချက်များပေးပို့ခြင်း	၄-၈-၂၀၁၅		
	စုစုပေါင်းကြာမြင့်ရက်	**(၈၃) ရက်**		

ကုမ္ပဏီအမည် - Yangon First Stationery Manufacturing Company Limited
အဖွဲ့အစည်းပုံသဏ္ဍာန် - ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု
လုပ်ငန်းအမျိုးအစား - Contract Manufacturing Procress (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
တည်နေရာ - အကွက်အမှတ်-၁၂၊ အထူးဇုံ(၂)၊ ဥဿာ(၉)ရပ်ကွက်၊ ပဲခူးတိုင်း ဒေသကြီး
စုစုပေါင်းရင်းနှီးမြှုပ်နှံမှု - US$ ၉.၀၀၀ သန်း
ရောင်းချမည့်စနစ် - ပြည်ပ ၁၀၀% တင်ပို့ခြင်း
လုပ်ငန်းသက်တမ်း - ၂၀နှစ်
အရင်းကြေကာလ - ၆ နှစ် ၈ လ

IRR - ၁၇.၀၇ %

အထက်ပါလုပ်ငန်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်၏ Cost & Benefit ကို အောက်ပါဇယားဖြင့် ပြုစု တင်ပြ အပ်ပါသည်-

စဉ်	အကြောင်းအရာ	Cost	Benefit
၁	နိုင်ငံ့ဝန်ထမ်း၏လစာ	ကျပ် ၁.၆၈၀ သန်း (တစ်နှစ်)	
၂	ကုမ္ပဏီမှတ်ပုံတင်ကြေး	-	ကျပ် ၁.၁၆၅ သန်း
၃	သွင်းကုန်အခွန်ကင်းလွတ်ခွင့်	ကျပ် ၂၁၆.၆ သန်း	-
၄	ဝင်ငွေခွန်	ကျပ် ၁၆၆၀.၇၅ သန်း	ကျပ် ၄၁၀၄.၀၀ သန်း
၅	ရေ၊ လျှပ်စစ်မီးသုံးစွဲခ		ကျပ် ၄၅၉၀.၀၀သန်း
၆	လုပ်ခလစာအပေါ်ဝင်ငွေခွန်		ဝင်ငွေခွန်ဥပဒေအတိုင်း ထမ်းဆောင်ပါမည်။
၇	CSR (၁%)		ကျပ် ၁၁၄၂.၅၀ သန်း
၈	မြေငှားရမ်းခရငွေ		ကျပ် ၅၄၈၈.၅၆၀ သန်း
၉	အလုပ်အကိုင်အခွင့်အလမ်း		ပြည်တွင်း ၃၄၃ဦး ပြည်ပ ၆ ဦး ပြည်တွင်းလုပ်သား (၃၄၉)ဦး အလုပ်အကိုင် ရရှိမည်ဖြစ်၍ ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေပါသည်။
		ကျပ် ၁၈၇၉.၀၃သန်း	ကျပ် ၁၅၃၂၆.၂၂၅ သန်း
	Cost & Benefit	၁း၈	

အကြောင်းအရာ။ ရခိုင်ပြည်နယ်ပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Yangon First Stationery Manufacturing Company Limited မှ Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုချက် တင်ပြလာခြင်းကိစ္စ

၁။	ကုမ္ပဏီအမည်/ ကမကထပြုသူ	- Yangon First Stationery Manufacturing Company Limited Mr. Chen, Kun-Shui (Taiwanese)
	အဖွဲ့အစည်းပုံသဏ္ဌာန်	- ရခိုင်ပြည်နယ်ပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု - Voice Global Corp. (Brunei) ၉၉.၉၉% - Mr. Chen, Kun-Shui (Taiwanese) ၀.၀၁%
	လုပ်ငန်းအမျိုးအစား	- Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်း
၂။	တည်နေရာ	- အကွက်အမှတ်-၁၂၊ အထူးဇုံ(၂)၊ ဥက္ကလာ(၉)ရပ်ကွက်၊ ပဲခူးတိုင်းဒေသကြီး
	မြေပိုင်ရှင်	- ဦးကျော်မင်းထွန်း
	မြေအကျယ်အဝန်း	- ၅.၀၀ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ)
	အဆောက်အဦအကျယ်အဝန်း	- ၁၃,၀၀၀ စတုရန်းမီတာ အကျယ်အဝန်းတွင် သုံးထပ်အဆောက်အဦ ၂ လုံးနှင့် တစ်ထပ်အဆောက်အဦ ၁ လုံး စုစုပေါင်း ၃လုံး ဆောက်လုပ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။
	မြေငှားရမ်းကာလ	- ကနဦး ၂၀နှစ် (နောက်ထပ် ၅ နှစ် ၂ကြိမ် သက်တမ်းတိုး)
၃။	နှစ်စဉ်မြေငှားရမ်းခ	- US $ ၇၈၄,၀၈၀.၀၀ - ၁နှစ် တစ်စတုရန်းမီတာလျှင် US $ ၃၈.၇၅ နှုန်း
၄။	လုပ်ငန်းသက်တမ်း	- ၂၀နှစ်
	တည်ဆောက်ရေးကာလ	- ၂ နှစ်
၅။	စုစုပေါင်းရင်းနှီးမြှုပ်နှံမှု	- US $ ၉.၀၀၀ သန်း
	ထည့်ဝင်သည့်အမျိုးအစား	- US $ (သန်း)
	ငွေသား	၁.၈၃၄
	စက်နှင့် စက်ပစ္စည်းတန်ဖိုး (ပြည်ပ)	၂.၁၆၆
	အဆောက်အဦ	၅.၀၀၀
	စုစုပေါင်း	၉.၀၀၀

၆။	ဝန်ထမ်းအင်အား (ပထမနှစ်)	- **၃၄၉ ဦး**
	ပြည်တွင်း	- ၃၄၃ ဦး (ပြည်တွင်း အနိမ့်ဆုံးဝန်ထမ်းတစ်ဦး၏ လစာ ကျပ် ၁၀၀,၀၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး ၏ လစာ ကျပ် ၃၅၀,၀၀၀)
	ပြည်ပ	- ၆ ဦး (ပြည်ပ ဝန်ထမ်းတစ်ဦး၏ လစာ US$ ၂၀၀၀)
၇။	ရောင်းချမည့်စနစ်	- ပြည်ပသို့ ၁၀၀% တင်ပို့ခြင်း
၈။	ကုမ္ပဏီ၏ ဝင်ငွေ (ဆဋ္ဌမနှစ်)	- US$ ၆.၄၈၀ သန်း
	ကုမ္ပဏီ၏ အသုံးစရိတ် (ဆဋ္ဌမနှစ်)	- US$ ၅.၀၀၃ သန်း
	ကုမ္ပဏီ၏ အသားတင်အမြတ် (ဆဋ္ဌမနှစ်)	- US$ ၁.၄၇၇ သန်း
၉။	နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ် (ဆဋ္ဌမနှစ်)	
	ဝင်ငွေခွန်	- US$ ၀.၄၉၂ သန်း
	အရင်းကြေကာလ	- ၆ နှစ် ၈ လ
	အရင်းအနှီးအပေါ်အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR)	- ၁၇.၀၇ %
		- 1 US $ = ၁၀၀၀ ကျပ် နှုန်းဖြင့် တွက်ချက်ထားပါသည်။
၁၀။	လျှပ်စစ်ဓါတ်အားသုံးစွဲမှု (နှစ်စဉ်)	- ၁,၁၄၀,၀၀၀ kWh
၁၁။	ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်း (ဆဋ္ဌမနှစ်)	
		ထုတ်လုပ်မှု (gross) / CMP လက်ခနှုန်း (gross/US$)
	Color Pencil	၉၀၀,၀၀၀ / ၃.၆၀
	HB Pencil	၉၀၀,၀၀၀ / ၃.၆၀
၁၂။	CSR	- Corporate Social Responsibility (CSR) အဖြစ် နှစ်စဉ်ရရှိသောအမြတ်ငွေမှ ၁% သုံးစွဲမည်ဖြစ်ကြောင်း တင်ပြထားပါသည်။
၁၃။	မီးဘေးကာကွယ်ရေးအစီအစဉ်	- မီးဘေးကာကွယ်မှု မူဝါဒများနှင့် အညီ ဆောင်ရွက်မည်ဖြစ်ပြီး ဝန်ထမ်းများကို အရံမီးသတ် သင်တန်းများ တက်ရောက် စေရန် စီစဉ်ထားခြင်း၊ စက်ရုံတွင်း မီးသတ်ဆေးဗူးများကို ချိတ်ဆွဲထားရှိခြင်း၊ အမှိုက်သရိုက်၊ လောင်စာများကို ပုံမှန်ရှင်းလင်းခြင်း၊ လျှပ်စစ်မှ မီးလောင်မှုမဖြစ်ပွားစေရန်အတွက် လျှပ်စစ်ဆိုင်ရာ စီမံထိန်းသိမ်းမှုများ၊ စက်ရုံတွင် မီးဘေးအန္တရာယ် အတွက် စည်းကမ်းချက်များ ချမှတ်ထားပြီး ယင်းတို့ကို ဝန်ထမ်းများ တိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ဆုပေး၊ ဒဏ်ပေးစနစ် ကို ကျင့်သုံး ဆောင်ရွက်မည်ဖြစ် ကြောင်း၊ စက်ရုံအတွင်းနှင့် အနီးပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ်မည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၄။	အခြား	- မြေပိုင်ရှင် ဦးကျော်မင်းထွန်းအမည်ဖြင့် အဆိုပါမြေကွက်အား စက်ရုံမြေအဖြစ် အသုံးပြုခွင့်ရရှိထားသည့် ပုံစံ-၁၀၅ မြေပုံနှင့် Yangon First Stationery Manufacturing Company Limited နှင့် မြေပိုင်ရှင် ဦးကျော်မင်းထွန်း တို့ချုပ်ဆိုမည့် မြေငှားစာချုပ်(မူကြမ်း) အား တင်ပြထားပါသည်။ - ဆောက်လုပ်မည့် အဆောက်အဦ ဒီဇိုင်းပုံစံများကို တင်ပြထားပါသည်။ - Voice Global Corporation သည် ဘရူနိုင်းဒါရုဆာလမ် နိုင်ငံတွင် ၂-၄-၂၀၁၄ ရက်စွဲဖြင့် MOA/AOA နှင့် ၂-၄-၂၀၁၄ ရက်စွဲဖြင့် ကုမ္ပဏီမှတ်ပုံတင်ကဒ်၊ ငွေရေးကြေးရေးအထောက် အထား OCBC Bank တွင် ၃၀-၆-၂၀၁၄ ရက်စွဲဖြင့် အမေရိ ကန်ဒေါ်လာ ၂၉,၉၆၇.၀၇ ရှိကြောင်း တင်ပြထားပါသည်။ - နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေပါ အခွန်ဆိုင်ရာ ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုရန်လျှောက်ထားလာပါသည်။
၁၅။	စိစစ်တင်ပြချက်	- မြေပိုင်ရှင် ဦးကျော်မင်းထွန်း အမည်ဖြင့် မြေဂရန်ရရှိရေး အတွက် ဆက်လက်ဆောင်ရွက်နေပါကြောင်း ကုမ္ပဏီ၏ ပြော ကြား ချက်အရသိရှိရပါသည်။ - အဆောက်အဦ(၃)လုံးဆောက်လုပ်မည်ဟုဖော်ပြထားပါသည်။ ဆောက်လုပ်မည့် ပစ္စည်းများ အား ဖော်ပြထားခြင်းမရှိ ပါ။ - အဆိုပါလုပ်ငန်းနှင့် အလားတူ CMP စနစ်ဖြင့် ခဲတံထုတ်လုပ်ခြင်းလုပ်ငန်းအား နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု Myanmar Tokiwa Corporation အမည်ဖြင့် ခွင့်ပြုမိန့်အမှတ် ၃၀၀/၁၉၉၇ ဖြင့်လုပ်ငန်းဆောင်ရွက်ခွင့်ပြုခဲ့ပြီး ယခုအခါ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု အဖြစ်ပြောင်းလဲ ၍ Myanmar Tokiwa Corporation Ltd. အမည်ဖြင့် ခွင့်ပြုမိန့်အမှတ် မနသ ၈၅၀/၂၀၁၂ ဖြင့် အမှတ်(၁၀၃)၊ သစ်စက်ဝင်း၊ အမရပူရမြို့နယ်၊ မန္တလေးတိုင်း ဒေသကြီးတွင် လုပ်ငန်းဆက်လက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ရကက-၃/န-၁၂၀၅/၂၀၁၅(၁၁၀၅)
ရက်စွဲ၊ ၂၀၁၅ ခုနှစ် သြဂုတ်လ ၁၈ ရက်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ **ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် Yangon First Stationery Manufacturing Company Limited မှ Contract Manufacturing Procress (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုးထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းကိစ္စ**

၁။ ဘရူနိုင်းဒါရုဆာလမ်နိုင်ငံ Voice Global Corp. မှ ၉၉.၉၉% နှင့် ထိုင်ဝမ်မှ Mr. Chen, Kun Shui မှ ၀.၀၁% ထည့်ဝင်၍ ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yangon First Stationery Manufacturing Company Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး၊ ဥဿာ(၉)ရပ်ကွက်၊ အထူးဇုံ(၂)၊ အကွက်အမှတ်-၁၂ ရှိ မြေဧရိယာ ၅.၀၀ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ) ကို ငှားရမ်း၍ Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာပါသည်။

၂။ အဆိုပြုချက်နှင့် အတူ မြေပိုင်ရှင် ဦးကျော်မင်းထွန်းနှင့် Yangon First Stationery Manufacturing Company Limited တို့ ချုပ်ဆိုမည့် မြေငှားရမ်းခြင်း စာချုပ်(မူကြမ်း)၊ Yangon First Stationery Manufacturing Company Limited နှင့် Guanghui Stationery Co.,Ltd. တို့ လက်မှတ်ရေးထိုးထားသည့် MOU၊ ဆောက်လုပ်မည့် စက်ရုံ အဆောက်အဦ ဒီဇိုင်းများ၊ မြန်မာနိုင်ငံတွင် ဖွဲ့စည်းတည်ထောင်မည့် ကုမ္ပဏီ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း (မူကြမ်း)၊ နိုင်ငံကူးလက်မှတ်မိတ္တူများ ကိုတင်ပြထားပါသည်။

၃။ လုပ်ငန်းဆောင်ရွက်မည့် မြေ ဧရိယာမှာ ၅.၀၀ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ) ဖြစ်ပြီး ၁၃,၀၀၀ စတုရန်းမီတာ အကျယ်အဝန်းတွင် သုံးထပ်အဆောက်အဦ ၂လုံးနှင့် တစ်ထပ်အဆောက်အဦ ၁လုံး စုစုပေါင်း ၃လုံး ဆောက်လုပ်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။ နှစ်စဉ်မြေငှားရမ်းခမှာ အမေရိကန်ဒေါ်လာ ၇၈၄,၀၈၀ ဖြစ်ပြီး ငှားရမ်းခနှုန်းမှာ တစ်နှစ်တစ် စတုရန်းမီတာ အမေရိကန် ဒေါ်လာ ၃၈.၇၅ဒေါ်လာနှုန်း ဖြစ်ပါသည်။ မြေငှားသက်တမ်းမှာ ကနဦး ၂၀နှစ် နှင့် ၅ နှစ် ၂ ကြိမ် သက်တမ်းတိုးဖြစ်ပါသည်။

၄။ လုပ်ငန်းစီမံကိန်း ကာလမှာ ၂၀နှစ် နှင့် တည်ဆောက်ရေးကာလမှာ ၂ နှစ် ဖြစ်ပါသည်။

၅။ လုပ်ငန်း၏ စုစုပေါင်း ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၉.၀၀၀ သန်းဖြစ်ပြီး ၎င်းတွင် ငွေသား အမေရိကန်ဒေါ်လာ ၁.၈၃၄ သန်း၊ ပြည်ပမှ တင်သွင်းမည့် စက်နှင့် စက်ပစ္စည်းတန်ဖိုး အမေရိကန်ဒေါ်လာ ၂.၁၆၆ သန်း နှင့် အဆောက်အဦတန်ဖိုး အမေရိကန်ဒေါ်လာ ၅.၀၀၀ သန်း တို့ ပါဝင်ပါသည်။

၆။ လုပ်ငန်းဆောင်ရွက်ရန် အတွက် ပထမနှစ်တွင် ပြည်တွင်းဝန်ထမ်း ၃၄၃ ဦး နှင့် ပြည်ပ ဝန်ထမ်း ၆ ဦး စုစုပေါင်း ၃၄၉ ဦး ခန့်ထားနိုင်မည်ဖြစ်ပါသည်။ ပြည်တွင်း မှ အနိမ့်ဆုံးဝန်ထမ်း တစ်ဦး၏ လစာမှာ ကျပ် ၁၀၀,၀၀၀ နှင့် အမြင့်ဆုံးဝန်ထမ်းတစ်ဦး ၏ လစာမှာ ကျပ် ၃၅၀,၀၀၀ ဖြစ်ပါသည်။ ပြည်ပ ဝန်ထမ်းတစ်ဦး ၏ လစာမှာ US$ ၂,၀၀၀ ဖြစ်ပါသည်။

၇။ အဆိုပြုလုပ်ငန်းမှ ထွက်ရှိလာသော ခဲတံများကို ပြည်ပသို့၁၀၀% တင်ပို့မည် ဖြစ်ပါသည်။
(၆) နှစ်မြောက်ထုတ်လုပ်မှုနှင့် CMP လက်ခနှုန်းမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

		ထုတ်လုပ်မှု (gross)	CMP လက်ခနှုန်း (gross/US$)
(က)	Color Pencil	၉၀၀,၀၀၀	၃.၆၀
(ခ)	HB Pencil	၉၀၀,၀၀၀	၃.၆၀

၈။ ဤလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့်(၆) နှစ်မြောက်တွင် ကုမ္ပဏီမှရရှိမည့် အကျိုးအမြတ်မှာ အောက်ပါ အတိုင်းဖြစ်ပါသည်-

		US$ (သန်း)
(က)	ဝင်ငွေ	၆.၄၈၀
(ခ)	အသုံးစရိတ်	၅.၀၀၃
(ဂ)	အသားတင်အမြတ်	၁.၄၇၇

၉။ လုပ်ငန်းကို ဆောင်ရွက်သည့်အတွက် နိုင်ငံတော်မှ (၆)နှစ်မြောက်တွင် ရရှိမည့် အကျိုး အမြတ်ခန့်မှန်းခြေမှာ ဝင်ငွေခွန် US$ ၀.၄၉၂ **သန်း** ဖြစ်ပါသည်။ လုပ်ငန်း၏ အရင်းကြေကာလ မှာ ၆နှစ် ၈ လ ဖြစ်ပြီး အရင်းအနှီးအပေါ် အကျိုးအမြတ်ပြန်ပေါ်နှုန်း (IRR) မှာ ၁၇.၀၇% ဖြစ်ပါသည်။ အမေရိကန်ဒေါ်လာ တစ်ဒေါ်လာ လျှင် ၁၀၀၀ ကျပ် နှုန်းဖြင့်တွက်ချက်ထားပါသည်။

၁၀။ အဆိုပြုလုပ်ငန်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း သဘောထားမှတ်ချက်များပြန်ကြား ထားပါ သည်-

(က) **ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့** မှ လက်ရှိမြို့ပြ စီမံကိန်းကို ထိခိုက်ခြင်းမရှိကြောင်း၊ မြို့နယ်ဒေသ၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့် ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အတွက် အထောက်အကူပြုမည် ဖြစ်ကြောင်း၊ အဆိုပြုလုပ်ငန်း ဆောင်ရွက်ခြင်း အပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုတို့ အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊ လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာဖြစ်ပါ ကြောင်း၊ နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်နိုင်ခြင်း မရှိသည့်အပြင် စက်ရုံတည် ထောင်ပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ်

အထောက်အကူ ဖြစ်စေသောကြောင့် စက်ရုံတည်ထောင် အသုံးပြုခွင့်ပြုသင့်ပါကြောင်းနှင့် ဥပဒေနှင့် အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း သဘောထား ပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-က**

(ခ) **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန** မှ စီမံကိန်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင်နှင့် လူမှုရေးထိခိုက်ပျက်စီးမှုများလျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်း ရေးဆွဲချမှတ်ခြင်း၊ ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့အတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှုနည်းစနစ်များ အသုံးပြုခြင်း၊ အဆိုပြုလွှာတွင် ပါဝင်သည့် လူမှုရေးဆိုင်ရာတာဝန်ခံမှု(CSR) အတွက် အမြတ်ငွေ၏ ၁% အား အသုံးပြုရန် အပါအဝင် ကတိကဝတ်များ၊ လုပ်ငန်းစီမံချက်များအတိုင်းအကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊ စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မည့် အစီအစဉ်များပါဝင်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ်၊ စောင့်ကြည့်လေ့လာမည့် အစီအစဉ်၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့် လုပ်ငန်းများအတွက် သုံးစွဲမည့် ရန်ပုံငွေစသည်တို့ ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက် (Environmental Management Plan- EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည် ဖော်ဆောင်ရွက်ရန်၊ ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်း များနှင့် အညီလိုက်နာကျင့်သုံး အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံပြည်သူလူထုတို့၏ ဆန္ဒနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန် သဘောထားပြန်ကြားထားပါသည်။ **ကုမ္ပဏီမှ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ မူဝါဒ၊ ဥပဒေများ၊ သဘောထားမှတ်ချက်များနှင့် အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း တင်ပြထားပါသည်။**

နောက်ဆက်တွဲ-ခ

(ဂ) **စက်မှုဝန်ကြီးဌာန** မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေလုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပါက ကန့်ကွက်ရန် မရှိပါကြောင်း သဘောထားပြန်ကြားထားပါသည်။ နောက်ဆက်တွဲ-ဂ

(ဃ) CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ မှ ကုန်ကြမ်းလိုအပ်ချက်မှာ တစ်ချောင်းလိုအပ်ချက်နှုန်းထားနှင့် ကိုက်ညီမှုရှိကြောင်း၊ CMP လက်ခနှုန်းထားများသည် သတ်မှတ်ချက်မရှိသော်လည်း သင့်လျော်မှုရှိကြောင်း၊ စက်အင်အားနှင့် လူအင်အားမျှတမှုရှိကြောင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေပြီး ဆင်းရဲ

နွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုနိုင်မည်ဖြစ်၍ လုပ်ပိုင်ခွင့်ကိုအားပေး ဆောင်ရွက်သင့်ပါကြောင်း သဘောထားပြန်ကြားထားပါသည်။ **နောက်ဆက်တွဲ-ဃ**

၁၁။ ငွေရေးကြေးရေး အထောက် အထားအဖြစ် Voice Global Corp. သည် စင်္ကာပူနိုင်ငံ OCBC Bank တွင် ၃၀-၆-၂၀၁၄ ရက်စွဲဖြင့် အမေရိကန်ဒေါ်လာ ၂၉,၉၆၇.၀၇ ရှိကြောင်းနှင့် ဘရူနိုင်းဒါရုဆာလမ်နိုင်ငံတွင် ၂-၄-၂၀၁၄ ရက်စွဲဖြင့် ကုမ္ပဏီဖွဲ့စည်းထားသည့် အထောက်အထား နှင့် ကုမ္ပဏီမှတ်ပုံတင်ကဒ် တင်ပြထားပါသည်။

၁၂။ Yangon First Stationery Manufacturing Company Limited မှ ဝန်ထမ်းလစာ တစ်နှစ်လျှင် ကျပ်သိန်း ၂၀ ထက်ကျော်လွန်ပါက ဝင်ငွေခွန်ထမ်းဆောင်မည် ဖြစ်ကြောင်း၊ ဝန်ထမ်း သက်သာချောင်ချိရေးအတွက် ဆောင်ရွက်ထားရှိမည့် အစီအစဉ်များနှင့် ရပ်ရွာအကျိုးပြု အစီအစဉ် (Corporate Social Responsibility) များအဖြစ် နှစ်စဉ် ရရှိသောအမြတ်ငွေမှ ၁% သုံးစွဲမည် ဖြစ်ကြောင်း တင်ပြထားပါသည်။

၁၃။ **မီးဘေးကြိုတင်ကာကွယ်ရေးစီမံချက်နှင့်** ပတ်သက်၍ မီးဘေးကာကွယ်မှု မူဝါဒများနှင့် အညီ ဆောင်ရွက်မည်ဖြစ်ပြီး ဝန်ထမ်းများကို အရံမီးသတ် သင်တန်းများ တက်ရောက် စေရန်စီစဉ် ထားခြင်း၊ စက်ရုံတွင်း မီးသတ်ဆေးဗူးများကို ချိတ်ဆွဲထားရှိခြင်း၊ အမှိုက်သရိုက်၊ လောင်စာများကို ပုံမှန်ရှင်းလင်းခြင်း၊ လျှပ်စစ်မှ မီးလောင်မှုမဖြစ်ပွားစေရန်အတွက် လျှပ်စစ်ဆိုင်ရာ စီမံထိန်းသိမ်း မှုများ၊ စက်ရုံတွင် မီးဘေးအန္တရာယ် အတွက် စည်းကမ်းချက်များ ချမှတ်ထားပြီး ယင်းတို့ကို ဝန်ထမ်း များတိကျစွာ လိုက်နာဆောင်ရွက်ရန်နှင့် ဆုပေး၊ ဒဏ်ပေးစနစ်ကို ကျင့်သုံး ဆောင်ရွက်မည်ဖြစ် ကြောင်း၊ စက်ရုံအတွင်းနှင့် အနီး ပတ်ဝန်းကျင်တွင် ဆေးလိပ်သောက်ခြင်းကို တင်းကြပ်စွာတားမြစ် မည်ဖြစ်ပါကြောင်း တင်ပြထားပါသည်။

၁၄။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေပါ အခွန်ဆိုင်ရာကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့် ပြုပါရန် တင်ပြထားပါသည်။

၁၅။ အဆိုပါလုပ်ငန်းသည် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် မှ ၄၉/၂၀၁၄ ဖြင့်ထုတ်ပြန် ထားသည့် စီးပွားရေးလုပ်ငန်း အမျိုးအစားများတွင် ခွင့်မပြုသည့်လုပ်ငန်း၊ ဖက်စပ်စနစ်ဖြင့်သာဆောင် ရွက်ရမည့်လုပ်ငန်း၊ ကန့်သတ်ချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက် ရမည့် လုပ်ငန်းစာရင်းတို့တွင် မပါဝင်သဖြင့် နိုင်ငံခြားရင်းနှီး မြှုပ်နှံမှုဥပဒေအရ ခွင့်ပြုနိုင်သော လုပ်ငန်းအမျိုးအစား ဖြစ်ပါသည်။

၁၆။ ၂၀၁၅ ခုနှစ် မေလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် အဆိုပြုချက်စိစစ်ရေးအဖွဲ့၏ ၁၇/၂၀၁၅ အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။

စိစစ်တင်ပြချက်

၁၇။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ပုဂ္ဂလိကမြေတွင် ငှားရမ်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စကို ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုပြီးမှသာ ကော်မရှင်ခွင့်ပြုမိန့် ထုတ်ပေး မည်ဖြစ်ပါသည်။

ကန့်သတ်

ဆုံးဖြတ်ရန်အချက်

၁၈။ ရခိုင်နှုန်းပြည့်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yangon First Stationery Manufacturing Company Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး၊ ဥဿာ(၉)ရပ်ကွက်၊ အထူးဇုံ(၂)၊ အကွက်အမှတ်-၁၂ ရှိ မြေဧရိယာ ၅.၀၀ ဧက (၂၀၂၃၄.၃ စတုရန်းမီတာ) ကို ငှားရမ်း၍ Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံ အမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်သို့ အဆိုပြုတင်ပြလာခြင်း အပေါ် ခွင့်ပြု ရန် သဘော တူ-မတူ။

ဥက္ကဋ္ဌ(ကိုယ်စား)
(အောင်နိုင်ဦး၊ အတွင်းရေးမှူး)

မိတ္တူကို
ရုံးလက်ခံ/မျှောစာတွဲ

ကုမ္ပဏီဒါရိုက်တာနှင့် အစုရှင်များ၏ နေရပ်လိပ်စာစာရင်း

စဉ်	ကုမ္ပဏီအမည်	ဒါရိုက်တာ/ အစုရှင်များ၏ အမည်	ဒါရိုက်တာ/ အစုရှင်များ၏ ဆက်သွယ်ရန် လိပ်စာ
၁။	Yangon First Stationery Manufacturing Company Limited	Voice Global Corporation	Rm51,5th floor, Britannia House, Jalan Cator Bandar Seri Begawan BS8811, Negara Brunei Darussalam
		(၁) Mr. Chen, Kun-Shui Managing Director Taiwanese 306423836	No.9-1, Xianxing, Neighborhood 16, Zhengyi Village, Jinhu Town, Jinmen Country, Taiwan
		(၂) Mr. Chien, Yung-Chang Director Taiwanese 305704224	Rm51,5th floor, Britannia House, Jalan Cator Bandar Seri Begawan BS8811, Negara Brunei Darussalam

၁။ ဆက်သွယ်ရမည့် တယ်လီဖုန်းနံပါတ်၊ ဖက်စ်နံပါတ် - ၀၉-၂၅၀၉၉၇၀၈၆

၂။ ဆက်သွယ်ရမည့် လိပ်စာအပြည့်အစုံ -

၃။ ဆက်သွယ်ရမည့် ပုဂ္ဂိုလ်အမည်၊ ရာထူး - ဦးဇော်မင်းထွန်း

၄။ ကုမ္ပဏီအနေဖြင့်ဆောင်ရွက်သည့်လုပ်ငန်းများ - Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း

၅။ ကုမ္ပဏီမှတ်ပုံတင်အမှတ်/ နေ့စွဲ - -

၆။ ကုမ္ပဏီမှတ်ပုံတင်ကုန်ဆုံးသည့်နေ့စွဲ - -

၇။ ဘဏ်အမည်နှင့် ဘဏ်စာရင်းအမှတ် - -

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးတိုင်းဒေသကြီး

စာအမှတ်၊ ၈ / ၁ - ၁၂ / ဦး ၈ (၂၁၀)
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၂၉ ရက်

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်
အမှတ်(၁)၊သစ္စာလမ်း၊ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

M-1387
30/7

အကြောင်းအရာ။ **သဘောထားမှတ်ချက်တောင်းခံခြင်းကိစ္စ**
ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂၇.၅.၂၀၁၅) ရက်စွဲပါစာအမှတ်၊ ရက-၃ /န-၁၂၀၅/၂၀၁၅(၆၈၂)

၁။ ဘရူနိုင်းဒါရူဆာလမ်နိုင်ငံ Voice Global Corporation မှ ၉၉.၉၉% နှင့် ထိုင်ဝမ်မှ Mr.Chen Kun Shui သည် ၀.၀၁% ထည့်ဝင်၍ ရာနှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yangon First Stationery Manufacturing Company Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး၊ ဥသာ(၉)ရပ်ကွက်၊ အထူးစက်မှုဇုန်(၂)၊ အကွက်အမှတ်(၁၂)ရှိ မြေဧရိယာ(၅.၀၀) ဧက(၂၀၂၃၄.၃ စတုရန်းမီတာ)ကို ငှားရမ်း၍ CMP စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းကို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာမှုနှင့်ပတ်သက်ပြီး အောက်ပါအချက်များအပေါ် သဘောထားမှတ်ချက် ပြန်ကြားပေးရန် ရည်ညွှန်းပါစာဖြင့် ညှိနှိုင်းမေတ္တာရပ်ခံလာပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုမည့်နေရာသည် နောင်ပြုလုပ်မည့် (သို့မဟုတ်)လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်း ရှိ/မရှိ။
(ခ) မြို့နယ်ဒေသအလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ဖြစ်/မဖြစ်။
(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိ/မရှိ။
(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာ ဟုတ်/မဟုတ်။
(င) တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အကြံပြုချက်။

၂။ အဆိုပါကိစ္စနှင့်ပတ်သက်၍ အထက်ဖော်ပြပါအချက်များအပေါ် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်အား အောက်ပါအတိုင်း ပြန်ကြားတင်ပြအပ်ပါသည်-

(က) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် ပဲခူးမြို့၊ ဥသာမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ပဲခူးတိုင်းငြိမ်ဝပ်ပိပြားမှုဆောင်ရွက်မှုအဖွဲ့၏ (၈.၂.၁၉၉၀)ရက်စွဲပါ စာအမှတ်-၃၈၄/၂-၇/တ-၀-တအရ အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ စက်ရုံမြေအဖြစ် လ/န(၃၉) ခွင့်ပြုထားသောမြေအား ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ကိုင်ရန် လွှဲပြောင်းပေးသော (၁၇၂၅.၇၇)ဧက၊ ပြည်တွင်းစက်မှုဇုန်အကွက်အတွင်း၊ အကွက်

Thinzar General 228

အမှတ်(၁၂)၊ ဦးကျော်မင်းထွန်းအမည်ဖြင့် မြေဧရိယာ(၅.၀၀)ဧကခွင့်ပြုပြီးမြေဖြစ်ကြောင်းနှင့် လက်ရှိမြို့ပြစီမံကိန်းကို ထိခိုက်ခြင်းမရှိကြောင်း၊

(ခ) မြို့နယ်ဒေသ၊ အလုပ်အကိုင်၊ အခွင့်အလမ်းနှင့်ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူ ပြုမည်ဖြစ်ကြောင်း၊

(ဂ) အဆိုပြုလုပ်ငန်းဆောင်ရွက်ခြင်းအပေါ် ဒေသခံများက လူမှုရေး၊ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့အရ လက်ခံနိုင်ခြင်းရှိပါကြောင်း၊

(ဃ) လုပ်ငန်းဆောင်ရွက်နိုင်မည့် မြေနေရာဟုတ်ပါကြောင်း၊

(င) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့်နေရာသည် ပဲခူးမြို့၊ ဥသျှောမြို့သစ်၊ ရပ်ကွက်ကြီး(၉)၊ ပြည်တွင်းစက်မှုဇုန် အကွက်အမှတ်(၁၂)၊ ဦးကျော်မင်းထွန်းအမည်ဖြင့် မြေဧရိယာ(၅.၀၀) ဧကခွင့်ပြုပြီးမြေဖြစ်၍ နောင်ပြုလုပ်မည့် (သို့မဟုတ်) လက်ရှိမြို့ပြစီမံကိန်းအား ထိခိုက်နိုင်ခြင်းမရှိသည့်အပြင် စက်ရုံတည်ထောင်ပါက ဒေသစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် အထောက်အကူဖြစ်စေသောကြောင့် စက်ရုံတည်ထောင် အသုံးပြုခွင့်ပြုသင့်ပါကြောင်း၊

၃။ သို့ဖြစ်ပါ၍ Yangon First Stationery Manufacturing Company Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး၊ ဥသျှော(၉)ရပ်ကွက်၊ ပြည်တွင်းစက်မှုဇုန် အကွက်အမှတ်(၁၂)ရှိ ဦးကျော်မင်းထွန်းအမည်ဖြင့် ခွင့်ပြုချက်ရရှိထားသော မြေဧရိယာ(၅.၀၀)ဧက(၂၀၂၃၄.၃စတုရန်းမီတာ)ကို ငှားရမ်း၍ Contract Manufacturing Process (CMP) စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းကို ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မည်ဆိုပါက ကန့်ကွက်ရန်မရှိပါကြောင်း တင်ပြအပ်ပါသည်။

(ဉာဏ်ဝင်း)
ဝန်ကြီးချုပ်

မိတ္တူ
Yangon First Stationery Manufacturing Company Limited
လက်ခံစာတွဲ
မျှောစာတွဲ

Thinzar General 229

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန
ပြည်ထောင်စုဝန်ကြီးရုံး

ICDPT - 3498
26 - 6 - 15

စာအမှတ် ၃(၂)/ ၁၁(ဃ)(၆)/(၁၀၈၅ /၂၀၁၅)
ရက်စွဲ ၂၀၁၅ ခုနှစ် ၊ ဇွန်လ ၂၆ ရက်

M-1185
29/6/15

သို့
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

အကြောင်းအရာ။ <u>သဘောထားမှတ်ချက်ပြန်ကြားခြင်း။</u>

ရည်ညွှန်းချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇ - ၅ -၂၀၁၅ ၊ ရက်စွဲပါစာ အမှတ် ၊ ရက - ၃ / န - ၁၂၀၅ /၂၀၁၅ (၆၈၃)

၁။ ဘရိုနိုင်းဒါရုဆာလမ်နိုင်ငံ Voice Global Corporation မှ (၉၉.၉၉%) နှင့် ထိုင်ဝမ်မှ Mr.Chen Kun Shui သည် (၀.၀၁%) ထည့်ဝင်၍ ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် မြန်မာနိုင်ငံတွင် Yangon First Stationery Manufacturing Company Limited တည်ထောင်ကာ ပဲခူးတိုင်းဒေသကြီး ၊ ဥဿာ (၉) ရပ်ကွက် ၊ အထူးစက်မှုဇုန် (၂) ၊ အကွက်အမှတ် - ၁၂ ရှိ မြေဧရိယာ (၅.၀၀) ဧက (၂၀၂၃၄.၄ စတုရန်းမီတာ) ကို ငှားရမ်း၍ CMP စနစ်ဖြင့် HB ခဲတံ နှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စနှင့် ပတ်သက်၍ စိစစ်ပြီး ဌာနဆိုင်ရာသဘောထားမှတ်ချက်ကို ပြန်ကြားအပ်ပါသည်။

၂။ လုပ်ငန်းဆောင်ရွက်ခွင့်ပြုရန် ကိစ္စနှင့်ပတ်သက်၍ စိစစ်ရာတွင် စက်ရုံတည်ဆောက်ပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းကြောင့် ဖုန်အမှုန်များနှင့် စွန့်ပစ်ပစ္စည်းများ/စွန့်ပစ်ရေများထွက်ရှိနိုင်ခြင်း ၊ HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုးထုတ်လုပ်ခြင်းလုပ်ငန်းတွင် အဓိကအသုံးပြုမည့် ခဲနှင့် သစ်သားအချပ်ပါးလွှာများမှ ထွက်ရှိလာမည့် အမှုန်အမွှားများကြောင့် ပတ်ဝန်းကျင်လေထု ညစ်ညမ်းမှုဖြစ်ပေါ်နိုင်ခြင်း ၊ လုပ်ငန်းလည်ပတ်စဉ် ထွက်ရှိလာမည့် စွန့်ပစ်ပစ္စည်းဖြတ်စ/ညှပ်စများနှင့် ရောင်စုံခဲတံများထုတ်လုပ်ခြင်းတွင် အသုံးပြုမည့် ကုန်ကြမ်းပစ္စည်းဖြစ်သည့် အရောင်စုံဆေးများမှ ထွက်ရှိလာမည့် စွန့်ပစ်အရည် (ရေဆိုးများ) အား စနစ်တကျ စွန့်ပစ်ခြင်းမပြုဘဲ ပတ်ဝန်းကျင်ရှိ မြစ် / ချောင်း/ အိုင်များအတွင်းသို့ တိုက်ရိုက်စွန့်ပစ်ပါက မြေထု နှင့် ရေထု ညစ်ညမ်းနိုင်ခြင်း ၊ လုပ်ငန်းအဆင့်ဆင့်တွင် စက်များအသုံးပြု၍ ဆောင်ရွက်မည်ဖြစ်သဖြင့် အသံဆူညံခြင်းစသော ပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုပြဿနာများ ဖြစ်ပေါ်စေနိုင်ကြောင်း စိစစ်တွေ့ရှိရပါသည်-

၄။ သို့ဖြစ်ပါ၍ Yangon First Stationery Manufacturing Company Limited မှ HB ခဲတံ နှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြုတင်ပြလာခြင်း နှင့် ပတ်သက်၍ တစ်ဘက်ပါ အချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း သဘောထားမှတ်ချက် ပြန်ကြားအပ်ပါသည်-

(က) စီမံကိန်းလုပ်ငန်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ပတ်ဝန်းကျင် နှင့် လူမှုရေးထိခိုက် ပျက်စီးမှုများ လျော့နည်းစေရန်အတွက် လုပ်ငန်းစီမံကိန်း ရေးဆွဲချမှတ်ခြင်း ၊ ထုတ်လုပ်ခြင်း အဆင့်ဆင့်တို့အတွက် စီမံကိန်းဆိုင်ရာ အချက်အလက်များ ပြည့်စုံစွာဖော်ပြပြီး လုပ်ငန်းဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် ကုန်ထုတ်လုပ်မှု နည်းစနစ်များအသုံးပြုခြင်း ၊ အဆိုပြုလွှာတွင် ပါဝင်သည့် လူမှုရေးဆိုင်ရာ တာဝန်ခံမှု (CSR) အတွက် အမြတ်ငွေ၏ (၁ %) အား အသုံးပြုရန်အပါအဝင် ကတိကဝတ်များ၊လုပ်ငန်းစီမံချက်များအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်သွားရန် ၊

(ခ) စွန့်ပစ်ပစ္စည်းများအား စနစ်တကျစွန့်ပစ်မည့် အစီအစဉ်များပါဝင်သည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအစီအစဉ် ၊ စောင့်ကြည့်လေ့လာမည့်အစီအစဉ် ၊ ပတ်ဝန်းကျင်ထိခိုက်မှုလျော့ပါးရေး ဆောင်ရွက်မည့်လုပ်ငန်းများအတွက် သုံးစွဲမည့်ရန်ပုံငွေ စသည်တို့ပါဝင်သည့် ပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှုစီမံချက်(Environmental Management Plan - EMP) ရေးဆွဲတင်ပြရန်နှင့် စီမံချက်ပါအတိုင်း အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဂ) ပြဋ္ဌာန်းထားသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုက်နာကျင့်သုံး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊

(ဃ) သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒေသခံ ပြည်သူလူထုတို့၏ ဆန္ဒနှင့် သဘောထားမှတ်ချက် ရယူဆောင်ရွက်ရန်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(ခင်မောင်ရီ၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
သစ်တောဦးစီးဌာန
ညွှန်ကြားရေးမှူးချုပ်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

NPF-3213
10.6.15

M-0882
11/6/15

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စက်မှုဝန်ကြီးဌာန

စာအမှတ်၊ ၂၁-စမ(၂)၂၀၁၅-၂၀၁၆ (၇၅၃)
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန်လ ၆ ရက်

သို့

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံး

အကြောင်းအရာ။ **သဘောထားမှတ်ချက်ပြန်ကြားခြင်း**

ရည် ညွှန်း ချက်။ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ၂၇. ၅. ၂၀၁၅ ရက်စွဲပါ စာအမှတ်၊ ရက-၃/ န- ၁၂၀၅ / ၂၀၁၅ (၆၈၄)

၁။ Yangon First Stationery Manufacturing Co.,Ltd. သည် ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး ပဲခူးတိုင်းဒေသကြီး၊ ဥသျှောင်(၉)ရပ်ကွက်၊ အထူးစက်မှုဇုန်(၂)၊ အကွက်အမှတ်(၁၂)တွင် CMP စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန် တင်ပြလာခြင်းအပေါ် သဘောထားမှတ်ချက်ပြန်ကြားပေးပါရန် ရည်ညွှန်းချက်ပါစာဖြင့် အကြောင်းကြားလာပါသည်။

၂။ အဆိုပါကုမ္ပဏီမှ ဆောင်ရွက်မည့်လုပ်ငန်းများနှင့်ပတ်သက်၍ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်-

(က) ရာခိုင်နှုန်းပြည့်နိုင်ငံခြားရင်းနှီးမြှုပ်နှံပြီး CMP စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်မည်ဖြစ်ပါသည်။

(ခ) လျှပ်စစ်သွယ်တန်းအသုံးပြုမှုများကို လျှပ်စစ်ဥပဒေနှင့်အညီ အသုံးမပြုမီ စစ်ဆေးဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဂ) ပတ်ဝန်းကျင်ညစ်ညမ်း မှုမဖြစ်ပေါ်စေရေးအတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ စိစစ်ချက်ဖြင့် စနစ်တကျ ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဃ) ပုဂ္ဂလိကစက်မှုလုပ်ငန်းဥပဒေနှင့်အညီ စက်မှုမှတ်ပုံတင် လျှောက်ထားဆောင်ရွက်ရန် လိုအပ်ပါသည်။

၃။ သို့ပါ၍ Yangon First Stationery Manufacturing Co.,Ltd. မှ CMP စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် အထက်ပါလိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေ၊ ပုဂ္ဂလိကစက်မှုလုပ်ငန်း

ဥပဒေနှင့်တည်ဆဲ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်ညီညွတ်ပါက ဤဝန်ကြီးဌာနအနေဖြင့် ကန့်ကွက်ရန် မရှိပါကြောင်း ပြန်ကြားအပ်ပါသည်။

ပြည်ထောင်စုဝန်ကြီး(ကိုယ်စား)
(သွင်မြင့်မောင်၊ အမြဲတမ်းအတွင်းဝန်)

မိတ္တူကို

စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

MC.320
12.6

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
CMP လုပ်ငန်းများကြီးကြပ်ရေးကော်မတီ

စာအမှတ်၊ ၃၄-အလ/ခွဲ(၂)၂၀၁၅(၅၈၁၀)
ရက် စွဲ၊ ၂၀၁၅ ခုနှစ်၊ ဇွန် လ ၁၁ ရက်

NPT.3265
12.5.15

သို့
ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

M-1164
15.6

အကြောင်းအရာ။ **Yangon First Stationery Manufacturing Company Limited မှ CMP စနစ်ဖြင့် HB ခဲတံနှင့် ရောင်စုံခဲတံအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ခွင့်ပြုပါရန်ကိစ္စ**

